MTSH Myanmar Thilawa SEZ Holdings Public Limited

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

# ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော စတုတ္ထအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်များအား အသိပေးကြေညာခြင်း

ရက်စွဲ။ ။၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသော စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စများ အသိပေးကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည့် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့တွင်ပြုလုပ်ခဲ့သော ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | <u>သာမန်ဆုံးဖြတ်ချက်များ</u> | <u>ရလဒ်</u> |
|---|---|---|
| ၁။ | ကုမ္ပဏီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၂။ | ကုမ္ပဏီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၃။ | ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အတွက် ဒါရိုက်တာအဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ရန်။<br>- ရွေးချယ်ခြင်းခံရသည့် ဒါရိုက်တာများမှာ - ဦးသိမ်းဝေ၊ ဦးခင်မောင်အေး၊ ဦးတင်မောင်လှိုင်<br>- ခန့်အပ်ခြင်းခံရသည့် လွတ်လပ်သော ဒါရိုက်တာများမှာ - ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ဦးတင်ထွဋ်ဦး၊ ဦးအောင်ညွန့် | အတည်ပြုသည် |
| ၄။ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ပြင်ပစာရင်းစစ်အဖြစ် ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များအား စာရင်းစစ် ခန့်အပ်ခြင်းအား အတည်ပြုရန်။ | အတည်ပြုသည် |
| ၅။ | ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် အသားတင်အမြတ်၏ (၁.၇၅) ရာခိုင်နှုန်းကို စက်တင်ဘာလ (၈) ရက်နေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား ခွဲဝေပေးရန်။ | အတည်ပြုသည် |

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက် ကုမ္ပဏီသည် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကြီး၌ အစုရှယ်ယာရှင်များက အတည်ပြုခဲ့သည့်အတိုင်း အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစုကျပ် (၂၆၀) အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့မှစတင်၍ အစုရှယ်ယာရှင်များသို့ ထုတ်ဝေပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လိုင်စင်ရငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီတွင် စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအနေဖြင့် အဆိုပါ အမြတ်ဝေစုကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံကုမ္ပဏီများထံမှ တဆင့်လက်ခံရရှိမည်ဖြစ်ပါသည်။ ငွေချေး သက်သေခံ လက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသည့် အစုရှယ်ယာရှင်များကို မိမိတို့အမြတ်ဝေစုများအား သက်ဆိုင်ရာ ဘဏ်ခွဲအသီးသီးများမှတဆင့် Pay-Order Cheque "P.O. Cheque" ဖြင့်ပေးမည်ဖြစ်ပါသည်။ ထုတ်ယူရ မည့် ဘဏ်ခွဲများစာရင်းကို ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။



အေးဝင်း

အုပ်ချုပ်ရေးနှင့် လူ့ အရင်းအမြစ်ဒါရိုက်တာ